## ကလာမဇူးခရိုင်က AlICE

### ၂၀၁၉ လျှပ်တပြက်အချိန်တိုအတွင်းကောက်ယူထားသောအချက်အလက်

**လူဦးရေ:** ၂၆၅,၀၆၆ **အိမ်ထောင်စုဦးရေ:** ၁၀၃,၁၉၆

**အလယ်အလတ်တန်းစားအိမ်ထောင်စုဝင်ငွေ:** $၅၆,၄၄၁( ပြည်နယ်၏ပျဉ်းမျှအိမ်ထောင်စုဝင်ငွေ: $ ၅၉,၅၈၄)


**အလုပ်လက်မဲ့ဦးရေနှုန်း:** ၄.၇% (ပြည်နယ်၏ပျဉ်းမျှအလုပ်လက်မဲ့နှုန်း: ၅.၀.%)

**ALICE အိမ်ထောင်စုများ:** ၂၄% (ပြည်နယ်၏ပျဉ်းမျှအိမ်ထောင်စု:၂၅%)•**ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု:** ၁၅% (ပြည်နယ်၏ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု : ၁၃%)

## အချိန်နဲ့အမျှ ALICE အိမ်ထောင်စုအရေအတွက်တွေ ဘယ်လိုပြောင်းလဲသွားကြလဲ။

ပိုင်ဆိုင်မှုအကန့်အသတ်ရှိ။ ဝင်ငွေ ကန့်သတ်မှုရှိ၊အလုပ်လုပ်ပြီး -
ဝင်ငွေရသောအိမ်ထောင်စု များရှိပေမယ့်သူတို ရဲ့ဝင်ငွေဟာ ခရိုင်ရဲ့
အခြေခံနေထိုင်မှုကုန်ကျစရိတ်(ALICEအနည်းဆုံးသတ်မှတ်ထားချက်)) ထက်နည်းနေပါတယ်။ ၂၀၁၀ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အတွင်း တချို့အိမ်ထောင်စုတွေအတွက် အခြေအနေတွေ တိုးတက်လာပေမယ့်အိမ်ထောင်စုအတော်များများက အထူးသဖြင့် သူတို့ရဲ့လစာဟာ အိမ်ထောင်စုအတွက်မရှိမဖြစ်ကုန်ကျစရိတ် (အိမ်၊ ကလေးစောင့်ရှောက်မှု၊ အစားအစာ၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့အခြေခံစမတ်ဖုန်းအစီအစဉ်)နဲ့မလောက်တဲ့ အတွက်ဆက်လက်ရုန်းကန်နေရဆဲဖြစ်ပါတယ်။

**မိသားစုများဝင်ငွေပြဇယား ,ကလာမဇူး ခရိုင်, ၂၀၁၀ မှ ၂၀၁၉**





| Total Households | 99,256 | 100,789 | 100,171 | 102,336 | 103,196 |
|---|---|---|---|---|---|

*Sources: ALICE Threshold, 2010-2019; American Community Survey, 2010-2019*

**ဘယ်လိုအိမ်ထောင်စုမျိုးတွေရုန်းကန်နေရလဲ။**

ပြီးခဲ့တဲ့ဆယ်စုနှစ်များမှာ အိမ်ထောင်စုဖွဲ့စည်းမှုတွင် အဓိကပြောင်းလဲမှုများရှိလာပါတယ်။
အိမ်ထောင်တခါမှမပြုတဲ့အမေရိကန်အရွယ်ရောက်ဦးရေအရေအတွက်ဟာသက်ရွယ်ကြီးမိသားစုတွေလိုပဲ
ရာဇဝင်တင်အောင်မြင့်မားလာပါတယ်။တစ်ယောက်တည်း ဒါမှမဟုတ်အခန်းဖော်တွေနဲ့ အတူနေထိုင်သူတွေလည်းတိုးများလာနေပြီး
မိဘတွေနဲ့အတူနေထိုင်တဲ့အရွယ်ရောက်
ကလေးတွေလည်းတိုးများလာတယ်။ သို့သော်လည်းအိမ်ထောင်စုပုံစံအားလုံးဆက်လက်ရုန်းကန်နေရဆဲဖြစ်ပါတယ်။ ALICE အဆင့်နဲ့
ဆင်းရဲမှုအဆင့်ရှိအိမ်ထောင်စုများဟာ ဒီနေထိုင်မှုပုံစံအစီအစဉ်အားလုံးမှာရှိနေပါတယ်။

**အိမ်ထောင်စုအမျိုးအစားအလိုက်အိမ်ထောင်စုဝင်ငွေ, ကလာမဇူခရိုင် ၂၀၁၉**




*Sources: ALICE Threshold, 2019; American Community Survey, 2019*

**ဘာကြောင့်အိမ်ထောင်စုအတော်များများရုန်းကန်နေရသလဲ။**
အိမ်ထောင်စုအခြေခံကုန်ကျစရိတ်ကလစာထက်များနေ
အိမ်ထောင်စုရပ်တည်ရေးအသုံးစရိတ်ကမျက်မှောက်ခေတ်စီးပွားရေးမှာ နေထိုင်အလုပ်လုပ်ဖို့ အနည်းဆုံးကုန်ကျစရိတ်ကိုပဲသုံးနိုင်ပြီး
အဲဒီထဲမှာ အိမ် ၊ ကလေး စောင့်ရှောက် မှု ၊ အစားအစာ ၊ ပို့ဆောင် ရေး ၊ ကျန်းမာရေး စောင့်ရှောက် မှု ၊ နည်းပညာ
(စမတ်ဖုန်း အစီအစဉ်တစ်ခု ) နှင့် အခွန်တွေအတွက်သုံးဖို့သာပါပါတယ်။ အဲဒီထဲမှာကောလိပ်တက်ဖို့ ဒါမှမဟုတ် အငြိမ်းစားယူဖို့
လိုအနာဂတ်ရည်မှန်းချက်တွေအတွက် ငွေစုဆောင်းဖို့တွေမပါဝင်ပါ။၂၀၁၉ခုနှစ်မှာ အိမ်ထောင်စုကုန်ကျစရိတ်ဟာဗဟိုအစိုးရက
ဆင်းရဲတယ်လို့ သတ်မှတ်ထားပေးတဲ့အသုံးစရိတ်ဖြစ်တဲ့ အရွယ်ရောက်သူတစ်ဦးအတွက် ဒေါ်လာ ၁၂,၄၉၀ နဲ့ မိသားစုလေးယောက်
အတွက်ဒေါ်လာ ၂၅,၇၅၀ ရဲ့အထက်မှာရှိနေခဲ့ပါတယ်။

| အိမ်ထောင်စုရပ်တည်ရေးအသုံးစရိတ်, ကလာမဇူးခရိုင် ၂၀၁၉ | | |
|---|---|---|
| | အရွယ်ရောက်လူလွတ် | လူကြီး၂ယောက်နှင့်ကလေး ၁ယောက်မူကြိုကလေး၁ |
| လစဉ်စရိတ် | | |
| အိမ်ခ | $၆၂၁ | $၉၁၆ |
| ကလေးစောင့်ရှောက်မှု | $- | $ ၁,၃၈၁ |
| အစားအစာ | $ ၂၅၈ | $၇၈၄ |
| ပို့ဆောင်ရေး | $၄၅၇ | $၉၂၉ |
| ကျန်းမာရေးစောင့်ရှောက်မှု | $၁၈၉ | $ ၅၆၉ |
| နည်းပညာ | $၅၅ | $၇၅ |
| အထွေထွေစရိတ် | $ ၁၈၆ | $၅၃၇ |
| အခွန် | $ ၂၈၄ | $ ၇၁၄ |
| လစဉ် စုစုပေါင်း | $ ၂,၀၅၀ | $ ၅,၉၀၅ |
| နှစ်စဉ် စုစုပေါင်း | $ ၂၄,၆၀၀ | $၇၀,၈၆၀ |
| *တနာရီဝင်ငွေ* | *$၁၂.၃၀* | *$၃၅.၄၃* |

| ကလာမဇူးခရိုင် ၂၀၁၉ | | |
|---|---|---|
| မြို့ | စုစုပေါင်း | %ALICEနှင့် ဆင်းရဲမှု |
| Alamo မြို့နယ် | ၁,၅၀၀ | ၂၉% |
| Brady မြို့နယ် | ၁,၆၇၃ | ၁၈% |
| Charleston မြို့ | ၇၃၀ | ၂၅% |
| Climax မြို့နယ် | ၉၆၀ | ၃၁% |
| Comstock Charter မြို့နယ် | ၆,၂၀၀ | ၃၅% |
| Cooper Charter မြို့နယ် | ၄,၀၄၄ | ၂၉% |
| Galesburg မြို့ | ၈၃၆ | ၆၄% |
| Kalamazoo Charter မြို့နယ် | ၉,၀၂၅ | ၄၀% |
| Kalamazoo မြို့ | ၂၉,၀၀၇ | ၅၃% |
| Oshtemo Charter မြို့နယ် | ၁၀,၂၃၃ | ၄၄% |
| Parchment မြို့ | ၈၁၆ | ၄၄% |
| Pavilion မြို့နယ် | ၂,၅၅၀ | ၃၇% |
| Portage မြို့ | ၁၉,၉၈၄ | ၃၃% |
| Prairie Ronde မြို့နယ် | ၈၅၃ | ၁၄% |
| Richland မြို့နယ် | ၃,၁၇၉ | ၂၆% |
| Ross မြို့နယ် | ၁,၉၉၅ | ၂၂% |
| Schoolcraft မြို့နယ် | ၃,၄၆၀ | ၃၃% |
| Texas Charter မြို့နယ် | ၅,၂၇၉ | ၁၄% |
| Wakeshma မြို့နယ် | ၄၈၀ | ၃၉% |

**ဒီအသုံးစရိတ်ကိုပံ့ပိုးရန်အချိန်ပြည့်အလုပ်လုပ်ရသောလစာ*


*အဲလစ်(ALICE )ရှင်သန်ရပ်တည်ရေးဆိုင်ရာအချက်အလက်အရင်းအမြစ်များအတွက်, ၂၀၂၀-၂၀၂၂ နည်းပညာခြုံငုံသုံးသပ်ချက်ကို UnitedForALICE.org/Methodology မှာကြည့်နိုင်ပါတယ်။*

*သတိပြုရန်– ဒီစာမျက်နှာပေါ်က မြို့နယ်အဆင့် အချက်အလက်တွေက ခရိုင် အဖွဲ့အစည်းတွေအတွက်ပါ။ မြို့နယ်အဆင့် အချက်အလက် များ သည် ၅ နှစ် ကြာ ပျမ်းမျှ အပေါ် မူတည် ပြီး အ သေး ငယ် ဆုံး မြို့ များ အတွက် မ ရရှိ နိုင် ပါ ။ ထိုမြို့လေးများ၏ပထဝီဝင်အနေအထားများ ပျောက်ဆုံးနေသဖြင့် စုစုပေါင်းသည် ခရိုင်အဆင့် နံပါတ်များနှင့် ကိုက်ညီမည်မဟုတ်ပါ။*

## ပြီးတော့ အလုပ်သမားအနေအထားဝန်းကျင်ကလည်းALICEအလုပ်သမားကိုခက်ခဲစေပါတယ်။

လုပ်သားအင်အားကို သုံးသပ်စီစစ်ကြည့်ရင် အလုပ်လက်မဲ့အရွယ်ရောက်ပြီးသူ (၁၆ နှစ်နှင့်အထက်) အနည်းငယ်နှင့် အလုပ်လုပ်ကိုင်နေသူအများအပြားအချိုးအစားကိုပြနေပါတယ်။
ဒါပေမဲ့အချိန်ပြည့်နှင့်အချိန်ပိုင်းအလုပ်သမားအတော်များများဟာသူတို့လုပ်ခကိုနာရီအလိုက်ပဲရရှိပါတယ်။
ဒီအလုပ်သမားတွေဟာပိုပြီးဝင်ငွေအတက်အကျရှိပြီး အကျိုးခံစားခွင့်များရရှိမှုအလားအလာကလည်းနည်းပါတယ်။
အလုပ်သမားအရေအတွက်အတော်များများဟာ လုပ်သားအင်အား( အလုပ်မရသေးသူများ၊ အလုပ်မရှာသူများ)အပြင်ဘက်မှာ ရှိနေတာကလည်းလုပ်ခလစာတွေကိုနည်းစေပါတယ်။အလုပ်သမားများပိုပြီးရရှိနိုင်တဲ့အခါအလုပ်ရှင်တွေက ဝန်ထမ်းတွေကို ဆွဲဆောင်ဖို့ လစာတိုးဖို့မက်လုံးပေးတာတွေလည်းနည်းသွားပါတယ်။

## လုပ်သားအနေအထား, ၁၆နှစ်နှင့် အထက်လူဦးရေ,ကလာမဇူးခရိုင်,၂၀၁၉




သတိပြုရန်း: အချိန်ပြည့်နှင့် အချိန်ပိုင်း အလုပ်အကိုင်များအတွက် အချက်အလက်များကို နိုင်ငံတော်အဆင့်တွင်သာ ရရှိနိုင်ပါသည်။ဤ ကိန်းဂဏန်း တွင် ပြသ ထား သောကွဲပြားမှု ကို တွက်ချက်ဖို့ ထိုနိုင်ငံတော်အဆင့်ရာခိုင်နှုန်း (အချိန်ပြည့် အလုပ် သမား များ ၏ ၄၉ ရာခိုင်နှုန်း နှင့် အချိန်ပိုင်း အလုပ် သမား များ ၏ ၇၃ ရာခိုင်နှုန်း ) ကို စုစုပေါင်း ခရိုင် အလုပ် သမား အင်အားစု သို့ထည့်သွင်းတွက်ချက်ထားသည်။ အချိန်ပြည့်အလုပ်ဆိုသည်မှာတစ်ပတ်လျှင် အနည်းဆုံး ၃၅ နာရီလုပ်သည့်အလုပ်အကိုင်တစ်ခု သို့မဟုတ် တခုထက်ပိုသောအလုပ်များ၊ တနှစ်ကို ၄၈ပတ်အလုပ်ချိန်ရှိသောအလုပ်ကို ခေါ်ပါသည်။

အချက်အလက်ရင်းမြစ်များ: အမေရိကန်လူ့အသိုင်းအဝိုင်းစစ်တမ်း , ၂၀၁၉; စိန့်လူးဝစ် ဖက်ဒရယ်လ်ရီဆာဗ်ဘဏ်, ၂၀၁၉